ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၉ ၊ အမှတ် ၆

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်သော တင်ဒါအခမ်းအနား ကျင်းပပြုလုပ်ခြင်း






စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်သော“တင်ဒါကော်မတီ” မှ (၁၂-၈-၂၀၂၃) ရက်နေ့ နံနက် (၀၉:၀၀) နာရီအချိန်၌ အကောက်ခွန်ဦးစီးဌာနတွင် အသုံးပြုလျက်ရှိသော MACCS System အား အဆင်ပြေချောမွေ့စွာဖြင့် နှစ်စဉ်ပုံမှန်လည်ပတ်စေနိုင်ရန်အတွက် (Software, Hardware, Operation and Monitoring, LAN/WAN) Maintenance ပြုလုပ်ခြင်းအပါအဝင် အခြားသော IT System များဖြစ်သည့် Help Desk System အား Software Maintenance ပြုလုပ်ခြင်း၊ Vehicle and Cargo Checking System (VCCS) စနစ်အား Software Maintenance ပြုလုပ်ခြင်း၊ National Single Window Routing Platform (NSW-RP) System အား Software Maintenance ပြုလုပ်ခြင်း၊ MACCS စနစ်တွင် အသုံးပြုနေသော ကွန်ပျူတာများ ပျက်စီးယိုယွင်းမှု ဖြစ်ပေါ်လာပါက အချိန်မီအစားထိုးလဲလှယ်နိုင်ရေးအတွက် အရံအဖြစ်ထားရှိနိုင်ရန် ထပ်မံလိုအပ်မည့် ကွန်ပျူတာ (၃၅) လုံး၊ Printer (၂၃) လုံး ဝယ်ယူခြင်းနှင့် MACCS စနစ်အား တာချီလိတ်နယ်စပ်ဒေသသို့ ထပ်မံတိုးချဲ့ခြင်း လုပ်ငန်း (၉)ခုအား အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဖေယျာသီဟခန်းမတွင် စိစစ်ရွေးချယ်မှုများ ကျင်းပပြုလုပ်ခဲ့ပါသည်။

**အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဧယျာသီဟာခန်းမ၌ ကျင်းပပြုလုပ်သော ပြန်လျော့အကောက်ခွန် (Drawback) ဖြင့် တင်သွင်းထားသော ပြန်လည်တင်ပို့ရန် ကျန်ရှိသည့် လေယာဉ်၊ ရဟတ်ယာဉ်၊ ယာဉ်ယန္တရားများ၊ အထွေထွေပစ္စည်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး**






အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဧယျာသီဟာခန်းမ၌ (၂၈-၈-၂၀၂၃) ရက်နေ့ နေ့လည် (၁၃:၀၀) နာရီ အချိန်တွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဦးဆောင်၍ တံတားဦးစီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ မြန်မာ့အမျိုးသားလေကြောင်း၊ မြန်မာ့မီးရထား၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လမ်းဦးစီးဌာန၊ Ircon International Ltd တို့နှင့်အတူ ဌာန၊ အဖွဲ့အစည်းများမှ ပြန်လျော့အကောက်ခွန် (Drawback) ဖြင့် တင်သွင်းထားသော ပြန်လည်တင်ပို့ရန် ကျန်ရှိသည့် လေယာဉ်၊ ရဟတ်ယာဉ်၊ ယာဉ်ယန္တရားများ၊ အထွေထွေပစ္စည်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးအားကျင်းပပြုလုပ်ခဲ့ပါသည်။

# ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice-GRP) နှင့်စပ်လျဉ်း၍ သိကောင်းစရာများဆိုင်ရာ သင်တန်းကျင်းပပြုလုပ်ခြင်း




ရက်စွဲ။ ၇-၈-၂၀၂၃

နေရာ။ အကောက်ခွန်ဦးစီးဌာန၊ သင်တန်းကျောင်း၊ ရန်ကုန်မြို့

အကောက်ခွန်ဦးစီးဌာန၊ နိုင်ငံတကာရေးရာဌာနခွဲ၊ ဒုတိယညွှန်ကြားရေးမှူး မှ ဦးဆောင်၍ ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice – GRP) နှင့် စပ်လျဉ်း၍ သိကောင်းစရာများဆိုင်ရာသင်တန်းကို ၇-၈-၂၀၂၃ ရက်နေ့မှ ၉-၈-၂၀၂၃ ရက်နေ့ထိ အကောက်ခွန် ဦးစီးဌာန၊ သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ပြီး အဆိုပါ သင်တန်းသို့ အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲ (၁၂) ခုမှ သင်တန်းသား၊ သင်တန်းသူ (၆၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# စာရေးမွမ်းမံသင်တန်း (၂/၂၀၂၃)









အကောက်ခွန်ဦးစီးဌာန၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ အကောက်ခွန်သင်တန်းကျောင်းတွင် စာရေးမွမ်းမံသင်တန်း (၂/၂၀၂၃) သင်တန်းအား ၂၈-၈-၂၀၂၃ ရက်နေ့မှ ၃၁-၈-၂၀၂၃ ရက်နေ့အထိ သင်တန်းကာလ (၄) ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပြီး သင်တန်းသားဦးရေ (၂၀) ဦး တက်ရောက်ခဲ့ကြပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၅၈၉.၀၇၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ (၁) ရက်နေ့မှ (၃၁) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု မှာ ( ၃၃၃ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် (၁၀၅၈၉.၀၇၂) သန်းဖြစ်ပါသည်။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု






(၂၂-၈-၂၀၂၃) ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ၌ ID No. 100254901501 (18.8.2023) ၊ ကုန်သေတ္တာအမှတ်၊ NYKU 5177620 (1X40') ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော (100% Polyster) (Plain) (C/O–China) (24398.14M) အပါအဝင်ကုန်ပစ္စည်း (၄) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၀၄,၅၂၁,၄၃၆/-) ခန့်အား အမှုတွဲ အမှတ် ၁-ရာ/ကသတ(MIP)/ ၂၀၂၃ (၁၀၂)(၂၂-၈-၂၀၂၃) ဖြင့် အမှုတွဲ ဖွင့်လှစ်ခဲ့သောအမှု ဖြစ်ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၅၈၉.၀၇၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု






(၂၅-၈-၂၀၂၃) ရက်နေ့ (၁၁:၀၀) အချိန်ခန့်တွင် စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ လှုပ်ရှားစစ်ဆေးရေးအဖွဲ့မှ ဝန်ထမ်းများသည် အခွန်ပေးဆောင်ထားသည့် ကုန်ပစ္စည်းများထက် ပိုမိုတင်ဆောင်လာနိုင်ကြောင်းသတင်းအရ ရန်ကုန်-ပဲခူးလမ်းမကြီး၊ အမှတ် (၂) လမ်းခွဲအနီး ယာဉ်အမှတ်၊ (3K-2384/1TLR4960) (22W) ယာဉ်အားတားဆီးခဲ့ပြီး အသေးစိတ်ဖွင့်ဖောက်စစ်ဆေးနိုင်ရန် KM Terminal & Logistics (ရွာသာကြီး Dry Port) သို့ ခေါ်ယူစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော (Adhesive) ( Brand: Valence) (C/O:China) (1x20kg) (288-U) အပါအဝင်ကုန်ပစ္စည်း (၄)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၃၆,၃၆၂,၅၇၀/-) ခန့်အား အမှုတွဲအမှတ်၊ ၁-ထလ/၂၀၂၃(၀၆၁) (၂၈-၈-၂၀၂၃) ဖြင့်လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်(3K-2384)(NISSAN DIESEL)(Tractor Head) (Model-2005) (C/O-Japan) (1U) ခန့်မှန်းတန်ဖိုးကျပ် (၅၀,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲအမှတ်၊ ၁-ထလ/၂၀၂၃ (၀၆၁-က) (၂၈-၈-၂၀၂၃) ဖြင့်လည်းကောင်း၊ နောက်တွဲယာဉ်အမှတ် (1TLR-4960) (TONGYA) (Semi-Trailer) (1-U) ခန့်မှန်းတန်ဖိုးကျပ် (၂၀,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲအမှတ်၊ ၁-ထလ/၂၀၂၃(၀၆၁-ခ) (၂၈-၈-၂၀၂၃) ဖြင့်လည်းကောင်း စုစုပေါင်းဖမ်းဆီးမှု (၃) မှု ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၁၀၆,၃၆၂,၅၇၀/-) အား အမှုတွဲ ဖွင့်လှစ်ခဲ့သောအမှု ဖြစ်ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၅၈၉.၀၇၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု





(၂၃-၈-၂၀၂၃)ရက်နေ့ (၁၂:၀၀) အချိန်ခန့်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးပူးပေါင်းအဖွဲ့သည် မြိတ်မြို့၊ ငွေပုလဲရပ်ကွက်၊ ကျိုက်ထီးရိုးဘုတ်ဆုံလမ်း၌ မသင်္ကာဖွယ်ရပ်တန့်ထားသော ယာဉ်အမှတ် (9B-6956) (6W) ယာဉ် အားစစ်ဆေးရှာဖွေခဲ့ရာ တရားမဝင်သယ်ဆောင်လာသော ပိတ်ပင်တားမြစ်ထားသည့် (TIN) (ခဲမဖြူဟုယူဆရသောသတ္တု မှုန့်)(151 Pkgs x 50Kg)(7550 Kg) အပါအဝင် ကုန်ပစ္စည်း (၃) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၇၅,၈၆၀,၀၀၀/-) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မ(တတန)/ ၂၀၂၃(၀၀၅) (၂၃ - ၈ - ၂၀၂၃)ဖြင့်လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ် (9B-6956)(6W)( DAE-WOO) ခန့်မှန်း တန်ဖိုးကျပ် (၁၀,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မ (တတန)/၂၀၂၃(၀၀၆) (၂၃.၈.၂၀၂၃) ဖြင့်လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၅၈၉.၀၇၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု




အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၇-၈-၂၀၂၃) ရက်နေ့ (၁၃:၃၀) အချိန်ခန့်တွင် တရားမဝင်ကုန်စည်များအား တားဆီးထိန်းချုပ်နိုင်ရန်အတွက် မူဆယ်မြို့နယ် တရားမဝင် ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့သည် ရှောင်တခင် လှည့်ကင်းဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ အေးရှားဝေါလ်တိုးဂိတ်အကျော် နမ့်ခွန်ရွာအနီး လမ်းမကြီးဘေးတွင်စုပုံထားသော တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများအား တွေ့ရှိရသဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ခဲ့ပြီး အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် (E-CIGARETTE) (DISPOSABLE VAPE)(5500 PUFFS)(BRAND-CUBIC) အပါအဝင်ပစ္စည်း (၄) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၂၀၅,၅၀၀,၀၀၀/-) ခန့်အား ၁၁-မစ(ပနရ)/၂၀၂၃(၀၇၀) (၂၈-၈-၂၀၂၃) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၅၈၉.၀၇၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု





(၁၀-၈-၂၀၂၃)ရက်နေ့ (၁၇း၅၈) အချိန်ခန့်တွင် အိန္ဒိယအကောက်ခွန်မှ မြန်မာအကောက်ခွန်၊ စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲသို့ Thai Airlines လေယာဉ် ခရီးစဉ်အမှတ် TG-303/ SF-5532 ဖြင့် လိုက်ပါလာသည့် အိန္ဒိယနိုင်ငံသားခရီးသည် Mr. Sachin Ganpat Chikhalkar (PP.No-R2726308)နှင့်အတူ မူးယစ်ဆေးဝါးသယ်ဆောင်လာရန် ဖြစ်နိုင်ချေမြင့်မားကြောင်း သတင်းအချက် အလက်များ ပေးပို့လာပါသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ဦးဆောင်သော ပူးပေါင်းအဖွဲ့မှ အဆိုပါခရီးသည်၏ ဝန်စည်ပစ္စည်းများအား X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးခဲ့ရာ ၎င်း၏ Baggage အတွင်း အမှုန့်ဟုယူဆရသော သံသယဖြစ်ဖွယ် ပုံရိပ်အား တွေ့ရှိခဲ့ရသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ Baggage အိတ်အတွင်းပိုင်းတွင်သိုဝှက် သယ်ဆောင်လာသည့် မူးယစ်ဆေးဝါးများဟု ယူဆရသောအမှုန့်များ အလေးချိန် (၆.၃၇) ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုးကျပ် (၉၅,၅၅၀,၀၀၀/-) ခန့်အား စစ်ဆေးတွေ့ရှိရသဖြင့် အမှုတွဲအမှတ်၊ ၁၁ - ကက (လေဆိပ်/အထူး) -၂၀၂၃/ (ခရီးသည်)/ ၀၀၆ ဖြင့် အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၅၈၉.၀၇၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု






(၄-၈-၂၀၂၃) ရက်နေ့ (၀၆:၃၀) အချိန်ခန့်တွင် ကသာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ်၊ (2C/3657) (12W)ယာဉ်အား (စဉ့်ကူးမြို့နယ်၊ ပင်လယ်ကြီးပူးပေါင်းစစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာနပါဝင်သော ပူးပေါင်းအဖွဲ့မှ ရှောင်တခင် စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အင်ခွဲသား (၁၃.၆၆၅၄) တန် (၁၆၃) ချောင်း ခန့်မှန်းတန်ဖိုးကျပ် (၆,၈၃၂,၇၀၀/-) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မလ/၂၀၂၃ (၁၃၄) (၄.၈.၂၀၂၃) ဖြင့်လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (2C/3657) (12W) (NISSAN DIESEL) (Model-2003) (C/O-Japan) (1-U) ခန့်မှန်းတန်ဖိုးကျပ် (၄၀,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မလ/၂၀၂၃ (၁၃၄-က) (၄.၈.၂၀၂၃) ဖြင့်လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။